*As of 19 August 2019*

# တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်လာစေရေးနှင့်စပ်လျဥ်းသည့် မြန်မာ–ဂျပန်–အမေရိကန် ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်း

**၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့**

**Novotel Yangon Max Hotel ၊ ရန်ကုန်မြို့**

**ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဧည့်သည်တော်ကြီးများရှင့် –**

ကျွန်မ အနေနဲ့ ယနေ့ကျင်းပတဲ့ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ဖြစ်လာစေရေးနှင့် စပ်လျဥ်းတဲ့ မြန်မာ–ဂျပန်–အမေရိကန် ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်မှာ ယခုလို မိန့်ခွန်း ပြောကြားခွင့်ရတဲ့အတွက် ဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။

နိုင်ငံတကာရဲ့ အရေးပါတဲ့ ပုဂ္ဂလိက အခန်းကဏ္ဍကို အပြုသဘောဆောင်ပြီး ပွင့်လင်းတဲ့ ဆွေးနွေးညှိနှိုင်းမှုကသာ မြန်မာနိုင်ငံအတွက် ရေရှည်ဖွံ့ဖြိုး တိုးတက်မှု ဖြစ်ပေါ်စေမယ်လို့ ကျမ အနေနဲ့ ယုံကြည်ပါတယ်။

ပိုအရေးကြီးတဲ့အချက်ကတော့ ဒီလိုအမြင်ချင်းဖလှယ်မှုတွေဟာ ကျမတို့နိုင်ငံနဲ့ နိုင်ငံသားတွေ အနေနဲ့ ဒေသတွင်းနိုင်ငံတွေနဲ့ ကမ္ဘာကြီးကို ပြသပေးနိုင်မယ့် ပေါင်းစည်းမှု စိတ်ဓာတ်၊ ဘုံရည်ရွယ်ချက် နဲ့ ယုံကြည်မှုတွေကို ဖြစ်ပေါ်စေတယ်လို့လည်း ယုံကြည်ပါတယ်။

ဒီဖိုရမ်ဖြစ်မြောက်အောင်ကူညီပေးခဲ့ကြတဲ့ မြန်မာနိုင်ငံဆိုင်ရာဂျပန်နိုင်ငံသံအမတ်ကြီး Mr. Ichiro Maruyama၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး Mr. Scot Marciel၊ ဂျပန်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (မြန်မာနိုင်ငံ) ဥက္ကဋ္ဌ Mr Kunio Negishi၊ အမေရိကန်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း နှင့် ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန မှ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း နှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါတယ်။

*(ပြောင်းလဲနေသည့် အာရှ)*

**ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဧည့်သည်တော်ကြီးများရှင့်–**

ကမ္ဘာ့စီးပွားရေး၏ ဗဟိုချက်ပြောင်းလဲမှု – အာရှသို့ ကမ္ဘာ့စီးပွားရေး ချိန်ခွင်လျှာ ပြန်ညှိလာခြင်း – ကို ကျွန်မတို့ မြင်တွေ့နေကြရပါတယ်။

အာရှဒေသ စီးပွားရေးဟာ ၂၀၄၀ ပြည့်နှစ်မှာ ကမ္ဘာ့ဂျီဒီပီရဲ့ ၅၀% ကျော်ရှိလာရန် မျှော်မှန်းထားပါတယ်။ ယခုလက်ရှိအချိန်မှာ ကမ္ဘာ့ ရင်းနှီးမြှုပ်နှံမှုရဲ့ ၅၀% ခန့်ထိရှိပါတယ်။ လာမယ့်နှစ်တွေမှာ ကျမတို့ ဒေသတွင်းရဲ့ စားသုံးသူ ဈေးကွက်တိုးတက်မှုနှုန်းဟာ ကမ္ဘာ့စားသုံးသူ ဈေးကွက်ရဲ့ ၅၀% အထိ ရှိလာမယ်လို့လည်း ခန့်မှန်းပါတယ်။ နောက်ဆယ်စုနှစ် တစ်ခုအတွင်းမှာပဲ အာရှရဲ့ အလယ်အလတ်ဝင်ငွေရှိ စားသုံးသူဦးရေဟာ (၁) ဘီလီယံ အထိ တိုးလာမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ကမ္ဘာ့အရှေ့နဲ့အနောက်တို့ကို အဓိက ပေါင်းကူးဆက်သွယ်ပေးနိုင်တဲ့ အာရှရဲ့ ဆုံမှတ်နေရာမှာ တည်ရှိပြီး တရုတ်နှင့် အိန္ဒိယ၊ အာဆီယံနိုင်ငံများကို ချိတ်ဆက်ပေးတဲ့ နေရာလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပထဝီစီးပွားရေးအရ တိုးတက်နေတဲ့ ဒေသတွေကို ချိတ်ဆက်ပေးခြင်း၊ မဟာဗျူဟာကျတဲ့ ကုန်သွယ်ရေး လမ်းကြောင်းတစ်ခုအဖြစ် ဖန်တီးပေးခြင်း၊ အိန္ဒိယသမုဒ္ဒရာရဲ့ ထွက်ပေါက်တစ်ခု အဖြစ်ပံ့ပိုးပေးခြင်းနဲ့ မြန်မာနိုင်ငံဟာ ဒေသတွင်း နိုင်ငံတွေကို အကျိုးဖြစ်ထွန်းစေခြင်းဖြင့် ယခုလို အချက်အချာကျကျတည်ရှိနေမှုကို အခွင့်အလမ်းအဖြစ် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ပဲ ကျမတို့ ဒီနေ့ တွေ့ဆုံကြတာ ဖြစ်ပါတယ်။

*(မြန်မာနိုင်ငံဟာလည်း ပြောင်းလဲနေတယ်)*

**ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဧည့်သည်တော်ကြီးများရှင့်–**

အာရှက ပြောင်းလဲတိုးတက်နေသလိုပဲ မြန်မာနိုင်ငံဟာလည်း အဓိက ပြုပြင်ပြောင်းလဲမှုများနှင့် အတူ ကြီးမားတဲ့ တိုးတက်ပြောင်းလဲမှုတွေ ဖြစ်ပေါ်လျက်ရှိပါတယ်။ နိုင်ငံရဲ့ စီးပွားရေး ကျယ်ပြန့်လာပြီးတော့ ၂၀၁၀ ပြည့်နှစ်မှာ ဂျီဒီပီ အမေရိကန်ဒေါ်လာ ၈.၉ ဘီလီယံ မှ ၂၀၁၈ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၇၁ ဘီလီယံ ကျော် တိုးတက်လာခဲ့ပါတယ်။ ဒီအချက်ဟာ မြန်မာနိုင်ငံကို အာဆီယံရဲ့ တိုးတက်မှုအမြင့်ဆုံး နိုင်ငံတွေထဲက တစ်နိုင်ငံအဖြစ် ရပ်တည်စေခဲ့တာပဲ ဖြစ်ပါတယ်။

ကာလရှည်ကြာရရှိထားတဲ့ လျှင်မြန်တဲ့ စီးပွားရေးတိုးတက်မှုနှုန်းဟာ မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးဆိုင်ရာ အခြေခံစနစ်တွေ ပြောင်းလဲမှုကြောင့် ရရှိလာတဲ့ တိုးတက်မှုတွေ ဖြစ်ပါတယ်။ အဲဒီတိုးတက်မှု၊ ပြောင်းလဲမှု ဖြစ်လာတဲ့ အချိန်ကာလကို အပြည့်အဝ အကျိုးရှိအောင် ဘယ်လို ဆောင်ရွက်မလဲဆိုတာကတော့ အစိုးရ၊ မူဝါဒချမှတ်သူတွေနဲ့ မြန်မာနိုင်ငံအတွက် ကြုံတွေ့ ရနိုင်တဲ့ စိန်ခေါ်မှုပဲ ဖြစ်ပါတယ်။

အသစ်ရေးဆွဲထားတဲ့ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုး တိုးတက်မှု စီမံကိန်းပါအတိုင်း ကုန်သွယ်ရေး မူဝါဒတွေကို ဒေသတွင်းနှင့် နိုင်ငံတကာ ကတိ ကဝတ်များ၊ ပွင့်လင်းသည့် စီးပွားရေးမူဝါဒတို့နှင့်အညီ ဆက်လက် ပြန်လည်ပြင်ဆင်သွားမှာ ဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံသူများအတွက် တန်းတူမျှတသည့် အခြေအနေကို ဖန်တီးပေးနိုင်သော ကြိုတင် ခန့်မှန်းနိုင်သည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းတစ်ရပ်ဖြစ်ပေါ်ရေးကိုလည်း အရှိန်မြှင့်တင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သို့မှသာ အလုပ်အကိုင်များ ဖန်တီးပေးနိုင်သော၊ အခွင့်အလမ်း သစ်များ ပေါ်ပေါက်လာနိုင်သော၊ တိုးတက်မှုနှုန်းကို ရေရှည်ထိန်းသိမ်းနိုင်သောနှင့် အောင်မြင်မှု

များ ဝေမျှနိုင်သော တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံ အတွင်းသို့ ဆွဲဆောင်နိုင်မှာ ဖြစ်ပါတယ်။

ကျမတို့ရဲ့ ပြုပြင်ပြောင်းလဲမှုတွေအနက် လက်လီ၊ လက်ကားကုန်သွယ်မှုနှင့် စပ်လျဉ်းပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံခွင့်ပေးခြင်း၊ ဂျပန်နိုင်ငံရဲ့ Dai–ichi Life နဲ့ အမေရိကန် နိုင်ငံရဲ့ Chubb Limited တို့ကို အာမခံလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခြင်း၊ မလိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို ပယ်ဖျက်ခြင်း၊ အွန်လိုင်း ကုမ္ပဏီ မှတ်ပုံတင်သည့် စနစ်ထူထောင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးအတွက် ဝန်ကြီးဌာန အသစ် ဖွဲ့စည်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း၊ စီမံကိန်းဘဏ်၊ မြေပိုင်ဆိုင်မှု၊ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြေယာနှင့် ပတ်သက်၍ သိရှိနိုင်ရန် အွန်လိုင်း မြေယာဘဏ် စသည်တို့ကို မိတ်ဆက်ခြင်းတို့ ပါဝင်ပါတယ်။

ဒီပြုပြင်ပြောင်းလဲမှုတွေဟာ နိုင်ငံရဲ့ ပုဂ္ဂလိက ကဏ္ဍကို ပြုပြင်ပြောင်းလဲခြင်း ဖြစ်ပါတယ်။ ဥပမာအနေနဲ့ – "ကော်ပိုရိတ် စီမံခန့်ခွဲမှု" ဟာ စီးပွားရေးအသိုင်းအဝိုင်းကြားမှာ အပြောများလာတဲ့ ခေါင်းစဉ်တစ်ခု ဖြစ်ပါတယ်။ ကောင်းမွန်တဲ့ ကော်ပိုရိတ် စီမံခန့်ခွဲမှုနှင့် ကော်ပိုရိတ်ဆိုင်ရာ အချက်အလက်များ ထုတ်ဖော်ဖို့အတွက် ဥပဒေဆိုင်ရာ လိုအပ်ချက်များ တိုးတက်လာရန် တွန်းအားပေးဖို့လိုအပ်တယ်ဆိုတာ အများစုလက်ခံကြမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းတွေကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ဦးဆောင်ပြီး မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင် နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့က ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒီလိုပြုပြင်ပြောင်းလဲမှုတွေနဲ့ အခြား ပြုပြင်ပြောင်းလဲမှုတွေဟာ အထူးသဖြင့် ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆွဲဆောင်နိုင်မယ်လို့ ကျမတို့ ယုံကြည်ပါတယ်။

*(ဆက်လက်တည်ရှိနေမည့်စိန်ခေါ်နေသည့်အချက်များ)*

**ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဧည့်သည်တော်ကြီးများရှင့်–**

တိုးတက်မှုတွေရှိနေလင့်ကစား ကြုံတွေ့ရမယ့် စိန်ခေါ်မှုတွေ၊ ရှင်းလင်းရမယ့် အဟန့်အတားတွေနဲ့ အတားအဆီးတွေ ရှိနေတယ်ဆိုတာကို ကျမတို့ ကောင်းစွာ အသိအမှတ်ပြုပါတယ်။

မြန်မာနိုင်ငံကို စီးပွားရေးအရ ခိုင်မာပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ သာယာဝပြောတဲ့ နိုင်ငံတစ်ခုအဖြစ် မမြင်တွေ့ချင်ကြဘူးလို့ ပြောရင် ယုံကြည်ဖို့ ခက်ပါတယ်။ အချို့ဟာ ပိုနေမြဲ ကျားနေမြဲ အခြေအနေကို ထိန်းသိမ်းခြင်းဖြင့် အကျိုးကျေးဇူးတွေရရှိနိုင်တယ်ဆိုတဲ့ မှားယွင်းတဲ့ ယုံကြည်မှုတွေကြောင့် ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်တဲ့ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းတွေကို နှေးကွေးအောင်ဆောင်ရွက်နေကြပါတယ်။ အဲဒီလိုအရာတွေကို အောင်မြင်မှုရဲ့ညွှန်းကိန်းတွေအဖြစ် ကျွန်မတို့ ရှုမြင်ပေမယ့် အချို့က ခြိမ်းခြောက်မှုတွေလို့ ရှုမြင်ကြပါတယ်။

အချို့သောသူများကလည်း မြန်မာ့စီးပွားရေးဟာ ဆယ်စုနှစ်တစ်ခုခန့် နောက်ကျနေတယ်လို့ ပုံဖော်ပြီး ကျွန်မတို့နိုင်ငံသားတွေရဲ့ ဖွံ့ဖြိုးတိုးတက်ခွင့်ဆိုတဲ့ အခွင့်အရေးကို မရည်ရွယ်ဘဲ ငြင်းပယ်နေကြပါတယ်။ ဒါဟာ မြန်မာ့ဒီမိုကရေစီပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဉ် စတင်ခဲ့သည့်အချိန်မှ ယနေ့အထိ ဖြစ်ပေါ်လာတဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေကိုလည်း ပစ်ပယ်လိုက်ခြင်း ဖြစ်ပါတယ်။

ယနေ့ ကျမတို့နိုင်ငံရဲ့ စီးပွားရေးကဏ္ဍမှာ ယခင်နဲ့မတူတဲ့ အလေ့အကျင့်တွေ့ကို ကျင့်သုံးလာတာကြောင့် ပွင့်လင်းပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိလာပါတယ်။ ယခင်ကလို တစ်ဦးတစ် ယောက်ပိုင်၊ လက်ဝါးကြီးအုပ်တဲ့ စီးပွားရေး မဟုတ်တော့ပါဘူး။ နိုင်ငံရဲ့ ပိုမိုကြီးမားတဲ့ ပုံရိပ်ကောင်းတွေကို မျက်ကွယ်ပြုနေတဲ့ ကျဉ်းမြောင်းတဲ့ အတွေးအခေါ် ရှိတဲ့သူတွေဟာ မြန်မာနိုင်ငံမှာ ခိုင်မာပြီး တက်ကြွတဲ့ စီးပွားရေးလုပ်ငန်းများတွေ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းတွေပေါ်ထွန်းရေးနှင့်

ရေရှည်တည်တံ့ရေးအတွက် လိုအပ်တဲ့ နည်းလမ်းတွေနဲ့ အခွင့် အလမ်းတွေကို ငြင်းပယ်နေကြပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကြောင့် ဖြစ်ပေါ်လာတဲ့ စနစ်ပြောင်းလဲမှုတွေဟာ တည်ထောင်ပြီး လုပ်ငန်းကြီးတွေကို ပိုမိုတွင်ကျယ်လာစေပြီး ကုမ္ပဏီ အသစ်တွေ ထွက်ပေါ်လာခဲ့ပါတယ်။

ဒိုင်နိုဆောတွေက ဒီအမှန်တရားကို လက်ခံရမှာ ဖြစ်ပါတယ်။ သူတို့တွေက ပြောင်းလဲမလား ဒါမှမဟုတ် ဒိုင်နိုဆောလိုမျိုး မျိုးတုန်းပျောက်ကွယ် တိမ်ကောမယ့် အဖြစ်မျိုးကို လက်ခံမလား ဆိုတာ ရွေးချယ်ရမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီနည်းလမ်းအရ ရွေးချယ်ထားတဲ့ အရပ်သားအစိုးရအနေနဲ့ ကျမတို့နိုင်ငံအတွက် အလားအလာရှိတဲ့ လုပ်ငန်းတွေကို ညတွင်းချင်း ဖော်ဆောင်ပေးဖို့ မဖြစ်နိုင်သလို တစ်နိုင်ငံတည်းလည်း ရပ်တည်လို့မရပါဘူး။ အခွင့်အလမ်းနဲ့ အလားအလာကောင်း နှစ်ရပ်စလုံး ပြည့်စုံတဲ့ နိုင်ငံအဖြစ် ရှုမြင်တဲ့ အင်အားစုတွေနဲ့ လက်တွဲဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အဟန့်အတားတွေကို ကောင်းစွာနားလည်သဘောပေါက်တဲ့ နိုင်ငံတွေနဲ့လည်း ပူးပေါင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်တွေက နိုင်ငံသားအားလုံး ငြိမ်းချမ်းပြီး သာယာဝပြောတဲ့ ရည်မှန်းချက် ပန်းတိုင်ကို ရောက်ဖို့ ခြေလှမ်းမှန်မှန်နဲ့ ကြိုးပမ်းလျက်ရှိပါတယ်။ ဒီလုပ်ငန်းတွေမှာ ကျမတို့နဲ့အတူပါဝင်ဖို့ မိတ်ဖက်နိုင်ငံတွေကို ဖိတ်ခေါ်လိုပါတယ်။

*(ပုဂ္ဂလိက ကဏ္ဍဘာလို့လိုအပ်တာလဲ)*

**ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဧည့်သည်တော်များရှင့် –**

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းပါ မျှော်မှန်းချက်ဖြစ်တဲ့ ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီ နိုင်ငံအဖြစ် ကြိုးပမ်းရာတွင် ကျမတို့အနေနဲ့ ဂျပန်နဲ့အမေရိကန်နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံသူတွေ ပါဝင်ဖို့ ဖိတ်ခေါ်လိုပါတယ်။

*(ဂျပန်နိုင်ငံ၏ ပံ့ပိုးကူညီမှု)*

**ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဧည့်သည်တော်ကြီးများရှင့်–**

ဂျပန်နိုင်ငံဟာ တာဝန်ယူမှုရှိပြီး ယုံကြည်စိတ်ချရတဲ့ ခိုင်မာသော မိတ်ဆွေနိုင်ငံလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ဂျပန်နိုင်ငံက စဉ်ဆက်မပြတ် အကူအညီပေးမှုတွေကို ကျွန်မတို့ တန်ဖိုးထားကြောင်း ပြောလိုပါတယ်။ အကောင်းအဆိုး ဒွန်တွဲနေချိန်တွေမှာလည်း မြန်မာနိုင်ငံပေါ် ဂျပန်နိုင်ငံက ကူညီပေးခဲ့တဲ့အတွက်လည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင် ရှိပါတယ်။

ယခုဆိုရင် ဂျပန်နိုင်ငံနဲ့ မြန်မာနိုင်ငံအကြား နေ့စဉ် တိုက်ရိုက်လေကြောင်း ဆက်သွယ်မှုရှိပြီး ဂျပန်ရင်းနှီးမြှုပ်နှံသူများအနေနဲ့ မြန်မာနိုင်ငံ၏ အခြေအနေ၊ လူမျိုးနှင့် သမိုင်းကို ကောင်းစွာ နားလည်သဘောပေါက်ရန် လာရောက်နိုင်ပြီ ဖြစ်ပါတယ်။

ဂျပန်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကြောင့် သီလဝါအထူးစီးပွားရေးဇုန်ဟာ အရှိန်အဟုန်နဲ့ တိုးတက်လျက်ရှိပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်မှာ ယခုနှစ် ဇွန်လကုန်အထိ ကုမ္ပဏီ (၁၀၈) ခုခန့် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ၎င်းကုမ္ပဏီများအနက် တစ်ဝက်ကျော်ခန့်မှာ ဂျပန်ကုမ္ပဏီများ ဖြစ်ပါတယ်။ ဆူဇူကီးမော်တော်ကုမ္ပဏီဟာ ခရီးသည်တင်ကားများနှင့် ကုန်တင်ကားအသေးများ အသုံးပြုသည့် ပစ္စည်းများ ထုတ်လုပ်သည့် ဦးဆောင်ကုမ္ပဏီ တစ်ခု ဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှ နို့ဒိန်ချဉ်ထုတ်လုပ်သည့် ယာကွတ်ကုမ္ပဏီဟာလည်း သီလဝါ စက်မှုဇုန်အတွင်းမှာ ယခု လဆန်းပိုင်းမှစ၍ လုပ်ငန်းစတင်ခဲ့တယ်လို့ သိရပါတယ်။

ဂျပန်နိုင်ငံရဲ့ လူသိများကုမ္ပဏီတစ်ခုဖြစ်တဲ့ တိုယိုတာ မော်တော်ကား ထုတ်လုပ်ရေး ကုမ္ပဏီဟာလည်း သီလဝါအထူးစီးပွားရေးဇုန်မှာ မော်တော်ကား တပ်ဆင်ထုတ်လုပ်တဲ့ စက်ရုံတည်ဆောက်လိုကြောင်း မကြာသေးမီက ကြေငြာခဲ့ပါတယ်။ ဒီရင်းနှီး မြှုပ်နှံမှုကနေ ဆက်စပ်လုပ်ငန်းများ များစွာပေါ်ပေါက်လာနိုင်မှာ ဖြစ်ပါတယ်။

ဂျပန်နိုင်ငံရဲ့ Aeon Co ဟာလည်း မြန်မာနိုင်ငံရဲ့ လက်လီဈေးကွက်မှာ ရင်းနှီးမြှုပ်နှံ လျက်ရှိပါတယ်။

စွမ်းအင်ကဏ္ဍမှာရှိတဲ့ ဂျပန်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေဟာလည်း ရလဒ် ကောင်းများ ထွက်ပေါ်လျက်ရှိပြီး လျှပ်စစ်ဓာတ်အား ရရှိမှုနှုန်း မှာ ၂၀၁၆ ခုနှစ်တွင် ၅၅.၆% မှ ၂၀၁၇ ခုနှစ်တွင် ၆၉.၈% ထိ တိုးတက်လာခဲ့ပါတယ်။

ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုတက္ကသိုလ်နှင့် မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ် တို့ပူးပေါင်းပြီး မြန်မာနိုင်ငံရဲ့ ပထမဆုံး ဂြိုလ်တု – MyanmarSat2 – ကို လွှတ်တင်နိုင်ခဲ့တာကို အချို့က သိရှိပြီးဖြစ်မယ်လို့ ထင်ပါတယ် အဲဒီလိုလွှတ်တင်နိုင်ခဲ့ခြင်းဟာ မြန်မာနိုင်ငံရဲ့ ဝေးလံတဲ့ ဒေသတွေအပါအဝင် တစ်နိုင်ငံလုံး၏ ဆက်သွယ်ရေးစနစ်ကို တိုးတက်အောင် ဆောင်ရွက်ရာမှာ များစွာ အထောက်အကူပြုပါတယ်။

ယခုကဲ့သို့ ဂျပန်၏ ကူညီပံ့ပိုးမှုများကို ကြိုဆိုပါတယ်။

**ဂုဏ်သရေရှိ လူကြီးမင်းများ နှင့် ဧည့်သည်တော်များ ရှင့် –**

အမေရိကန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ ပုဂ္ဂလိကကဏ္ဍ ဦးဆောင်တဲ့ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်စေရန် ပံ့ပိုးကူညီလျက်ရှိတဲ့အတွက် ဝမ်းမြောက်ကြောင်း ပြောလို ပါတယ်။

မြန်မာ့ဖွံ့ဖြိုးတိုးတက်မှုအတွက် အမေရိကန်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုကို ကြည့်မယ်ဆိုရင် စွမ်းအင်နှင့် နည်းပညာကဏ္ဍတို့တွင် General Electric (GE) မှ ရင်းနှီးမြှုပ်နှံတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုအတွက် အကြီးမားဆုံး အဟန့်အတားများထဲက တစ်ခုဖြစ်တဲ့ စက်ရုံများ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ လုပ်ငန်းနေရာများနှင့် လူနေရပ်ကွက်များတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု တည်ငြိမ်မှုရှိရေးကဲ့သို့သော ကိစ္စရပ်များကို တဖြည်းဖြည်း ကိုင်တွယ်ဖြေရှင်းလျက်ရှိပါတယ်။

လူသိများတဲ့ လုပ်ငန်းတစ်ခုဖြစ်တဲ့ အမေရိကန်နိုင်ငံက Chevron Corporation ဟာ နိုင်ငံအတွင်းရှိ လက်အောက်ခံ ကုမ္ပဏီများမှတစ်ဆင့် ၎င်း၏ မိတ်ဖက်ကုမ္ပဏီများနှင့် စီးပွားရေး ဖွံ့ဖြိုးတိုး တက်မှုရရှိရန် နှစ်ပေါင်း ၂၀ ကျော် ဆောင်ရွက်လျက်ရှိပါတယ်။

ဖို့ဒ်မော်တော်ကား ကုမ္ပဏီဟာလည်း ယခင်နှစ်များက မော်တော်ကား တပ်ဆင် ထုတ်လုပ်တဲ့ စက်ရုံဖွင့်လှစ်ခဲ့တဲ့ ကုမ္ပဏီတစ်ခုဖြစ်ပြီး မြန်မာ့စီးပွားရေးတွင် တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခဲ့ပါတယ်။ ပြည်တွင်းနှင့် နိုင်ငံခြား ကားဈေးကွက်မှာ အလုပ်အကိုင် အသစ်တွေ ဖန်တီးပေးခဲ့ပါတယ်။

အခြား ဥပမာတစ်ခုအနေနဲ့ Overseas Private Investment Corporation ဟာ မြန်မာနိုင်ငံရဲ့ ခေတ်သစ်ဆက်သွယ်ရေး လုပ်ငန်းအခြေခံ အဆောက်အအုံတွေအတွက် တယ်လီဖုန်း ဆက်သွယ်ရေးတာဝါတိုင် (၁၈၀၀) ကျော် ဆောက်လုပ်ဖို့အတွက် မြန်မာ့အကြီးဆုံး ဆက်သွယ် ရေးတာဝါ တည်ဆောက်ရေး ကုမ္ပဏီ Apollo Towers ကနေ အမေရိကန်ဒေါ်လာ (၂၅၀) မီလီယံ ရင်းနှီးမြှုပ်နှံခဲ့ပါတယ်။

OPIC ဟာလည်း Proximity Finance ကနေတစ်ဆင့် စီးပွားရေးလုပ်ငန်းများအတွက် အရင်းအနှီးမတတ်နိုင်တဲ့ အမျိုးသမီးများ၊ စွန့်ဦးတီထွင် စီးပွားရေး လုပ်ငန်းရှင်များ နှင့် လယ်သမားတွေကို ချေးငှားဖို့ အမေရိကန်ဒေါ်လာ (၈) မီလီယံ ရင်းနှီးရန် ဆန္ဒရှိကြောင်း သိရပါတယ်။ Proximity Finance ၏ မိခင်ကုမ္ပဏီ ဖြစ်တဲ့ Proximity Designs ဟာ တီထွင်ဆန်းသစ်သူများအတွက် ကမ္ဘာ့အကောင်းဆုံး လုပ်ငန်းခွင် အဆင့် (၅၀) တွင် သတ်မှတ်ခံရကြောင်း သိရပါတယ်။

အမေရိကန် ရင်းနှီးမြှုပ်နှံသူများအနေနဲ့ ဘဏ်လုပ်ငန်းနှင့် ငွေကြေးကဏ္ဍ ၊ ပညာရေး စတဲ့ နယ်ပယ်တွေမှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားမှုရှိကြောင်း သိရပါတယ်။ ကျမတို့အနေနဲ့ အမေရိကန် ရင်းနှီးမြှုပ်နှံသူတွေကို ကြိုဆိုကြောင်း ပြောလိုပါတယ်။

**ဂုဏ်သရေရှိ လူကြီးမင်းများ နှင့် ဧည့်သည်တော်များ ရှင့် –**

မြန်မာနိုင်ငံမှာ စကားပုံတစ်ခုရှိပါတယ် – သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း နားနိုင်တယ် – ဆိုတဲ့ စကားပုံပါ။

တစ်ချို့က မေးကြပါတယ် – တကယ်လို့ အဲဒီသစ်ပင်လဲကျသွားရင်ရော – ။

ကျမလည်း သူတို့နဲ့ သဘောထားတူပါတယ်။ ကျမတို့ ပိုသေချာအောင် သစ်တောတွေ စိုက်ဖို့ ပျိုးထောင်ဖို့ လိုပါတယ်။ ဂျပန်နှင့် အမေရိကန် ရင်းနှီးမြှုပ်နှံသူတွေကို ကျမတို့နိုင်ငံရဲ့ ကျွန်းပင်တွေလိုပဲ သန်မာပြီး ကြာရှည်ခံနိုင်တဲ့ သစ်ပင်တွေ ဖြစ်စေချင်ပါတယ်။

ကျမတို့မှာ စိန်ခေါ်မှုတွေ များစွာ ရှိပါတယ်။ ဒါကို ကျော်လွှားဖို့ ဂျပန် နဲ့ အမေရိကန် တို့ရဲ့ တက်ကြွတဲ့ ကူညီပံ့ပိုးမှုတွေ လိုပါတယ်။

ဂျပန်နဲ့ အမေရိကန်တို့ရဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာ ကျမတို့နိုင်ငံကို ရှေ့သို့ တွန်းပို့စေမယ့် နည်းပညာ၊ ကျွမ်းကျင်မှုနှင့် နိုင်ငံတကာစံနှုန်းတွေ ဖလှယ်ခြင်းကဲ့သို့သော တည်ငြိမ်ပြီး ချိန်ခွင်လျှာ ညီမျှမှုကို ဖြစ်ပေါ်စေပါတယ်။

မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားတဲ့သူတွေကို ကြိုဆိုလျက်ရှိပါတယ်။

နိုင်ငံတွင်း ယခု ရင်းနှီးမြှုပ်နှံလျက်ရှိသူတွေအနေနဲ့လည်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေ တိုးတက် ကြွယ်ဝလာစေဖို့ ကျမတို့ ကတိကဝတ် ပြုပါတယ်။

ကျေးဇူးတင်ပါတယ်။